# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၃/ ၉၈)**

**၁၃၅၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်**

**(၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက် သည်။

၁။ ။ ဤဥပဒေကို **ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ကွန်ပျူတာပညာဖွံ့ဖြိုးရေး ဥပဒေတွင်-

(က) ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) ၌ ပါရှိသော "ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစား ထိုးရမည်။

(ခ) ပုဒ်မ၅၊ ပုဒ်မ ၃၃၊ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) နှင့်၊ ပုဒ်မခွဲ (ခ) တို့၌ ပါရှိသော "ပညာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၆ ၌ပါရှိသော "အဆင့်မြင့်ပညာဦးစီးဌာန" ဆိုသည့် စကားရပ်ကို "အဆင့်မြင့်သိပ္ပံနှင့်နည်း ပညာဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)